# Network for Democracy and Development

## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com


# Weekly Political Events Regarding the Post Election (061/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၆၁/၂၀၁၁)

၂၀၁၁ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော နအဖစစ်အစိုးရက ဧပြီလပထမအပတ်တွင် အာဏာလွှဲပေးဖွယ်ရှိကြောင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် တက်ရောက်နေသည့် လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 210311) Read More...
- ထိုင်းမြန်မာနယ်စပ်တွင် နေထိုင်သည့် စစ်ပြေးဒုက္ခသည် အမည်ခံများထဲမှ အများစုသည် ၎င်းတို့ဆန္ဒအလျောက်တဖက်နိုင်ငံတွင် နေထိုင်သူများသာဖြစ်ကြောင်း အစိုးရ ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက လွှတ်တော်တွင် ပြောကြားလိုက်သည်။ (RFA 210311) Read More..., DVB...
- ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမည့်နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်နှင့်စပ်လျဉ်း၍ အခေါ်အဝေါ်သစ်များ ခေါ်ဆိုနိုင်ရန်အတွက် သီးခြားဥပဒေထုတ်ပြန်လိုက်ပြီး ယင်းသို့ တရားဝင်ထုတ်ပြန် ချက်များကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ လ ၁၁ ရက်နေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၁၁ ခုနှစ် စကားရပ်များအစားထိုးခြင်းဆိုင်ရာဥပဒေ၊ ဥပဒေအမှတ် ၁၁/၂၀၁၁ တွင် ပြဋ္ဌာန်းထားပါသည်။ (EMG 230311) Read More...
- ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် ကျပ်သန်းပေါင်း ၆၄၀၀၀ ကျော် (လူတစ်ဦး ၁၀၆၆ ကျပ်ဝန်းကျင်) သုံးစွဲခဲ့ပြီး လာမည့် ၂၀၁၁–၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ကျပ်သန်းပေါင်း ၉၀၈၁၈ ကျော် (လူတစ်ဦး ၁၅၁၃ ကျပ်ဝန်းကျင်) သုံးစွဲရန် ထုတ်ပြန်လိုက်သည်။ (EMG 230311) Read More...

## လွှတ်တော်အဆင့်ဆင့်

- မြန်မာနိုင်ငံတွင် လက်ရှိဖြစ်နေသည့် ပြည်တွင်းစစ်ပွဲများရပ်စဲ၍ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ဘောင်ထဲမှလုပ်သွားရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးရွှေမန်းက ပြောဆိုလိုက်သည်။ (VOA 210311) Read More...
- နေပြည်တော်တွင် ပြုလုပ်နေသည့် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မတ်လ ၂၁ ရက်နေ့က လူမှုဖူလုံရေးဥပဒေ မူကြမ်းတစ်ခုပြုစုရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ မရမ်းကုန်းမြို့နယ် လွှတ်တော်

အမတ် ဒေါက်တာပွင့်ဆန်းမှတင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်က ပထမဆုံးအကြိမ် အတည်ပြုခဲ့သည်။ (BBC 210311) Read More...

- နေပြည်တော်၌ သီးခြားပြုလုပ်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို မတ်လ ၂၃ ရက်နေ့တွင် အဆုံးသတ်ပြီး ပေါင်းစု၍ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးအဖြစ် ဆက်လက် ပြုလုပ်မှာဖြစ်သည်ဟု အမတ်များက ပြောသည်။ (Mizzima 220311) Read More...
- မတ်လ ၂၂ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် တင်သွင်းသော နစ်ရှည်ထောင်ဒဏ် အသီးသီးကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများအတွက် အကြွင်းမဲ့လွှတ်ငြိမ်းချမ်းသာခွင့်ပေးရန် မေးခွန်းကို ပြည်ထဲရေးဝန်ကြီး ဦးကောင်ဦးက ယင်းလွှတ်ငြိမ်းချမ်းသာခွင့်သည် သမ္မတသစ်ပေါ်မှာသာမူတည်ပြီး လွှတ်တော်နှင့် သက်ဆိုင်ခြင်းမရှိဟု ပြောကြားလိုက်သည်။ (DVB 220311) Read More... (The Voice 250311) Read More...
- လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန် တောင်းခံထားသည့် အဆိုများထဲမှ ပြည်ပမီဒီယာများတွင် ပေါက်ကြားထားပြီးသား အဆိုများကို ဆွေးနွေးခွင့်မပြုတော့ဘဲ ပယ်လိုက်ပြီဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြောလိုက်သည်။ (VOA 230311) Read More...
- ကချင်ပြည်နယ်တွင် လျှပ်စစ်မီးကောင်းမွန်စွာ အသုံးပြုနိုင်သည်ဟု အမှတ် (၂) လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က နေပြည်တော်တွင်ကျင်းပလျက်ရှိသည့် အမျိုးသားလွှတ်တော်အစည်းအဝေး တွင်ပြောဆိုခဲ့သည်။ (Khonumthung 230311) Read More...
- မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော ဆူပူသောင်းကျန်းမှုများကို လုပ်ဆောင်နေသည့် လက်နက်ကိုင် သောင်းကျန်းသူများကို ထိုင်းနိုင်ငံက ခြေကုပ် ပေးထားကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက မတ်လ ၂၂ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။ (IMNA 240311) Read More...
- ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော်အမတ်များကို စိစစ်နိုင်ရန် စိစစ်ရေးကော်မတီ ဖွဲ့စည်းရာ၌ အဖွဲ့ဝင် ၂၂ ဦးအနက် ၁၈ ဦးမှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အမတ်များဖြစ်ပြီး ကျန် ၄ ဦးသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ၂ ဦးနှင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ၂ ဦးဖြစ်သည်ဟု အမတ်တစ်ဦးက ပြောသည်။ (Mizzima 240311) Read More...
- မတ်လ ၂၅ ရက်နေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် လက်ရှိဆည်မြောင်းဝန်ကြီး ဦးဌေးဦး တင်သွင်းသော နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများအတွက် လွှတ်တော်မှ တရားဝင် ကန့်ကွက်ရန်အဆိုက အနိုင်ရပြီးလွှတ်တော် အမတ် ဦးဗညားအောင်မိုး တင်သွင်းသည့် အစိုးရသစ်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရေးလုပ်ရန်အဆိုသည် လက်ခံဆွေးနွေးသည့်အဆင့်တွင် ရှုံးနိမ့်သွားခဲ့သည်။ (DVB 250311) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- ဧရာဝတီတိုင်းတွင် မြို့နယ်အဆင့်မှအစပြုကာ ရပ်ကွက်/ကျေးရွာများအထိ တစ်လကြာ အခြေခံ စစ်ပညာသင်တန်းပို့ချပေးနေကြောင်း တိုင်းမီးသတ်ဦးစီးဌာနနှင့် ဒေသခံများက ပြောသည်။ (Mizzima 210311) Read More...
- မြန်မာစစ်တပ်မှ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများကို ထိုးစစ်ဆင်နေသည့် အရှေ့ဘက် စစ်မျက်နှာတွင် အင်အားထပ်ဖြည့်ရန် ရခိုင်ပြည်နယ် ဘူးသီးတောင်အခြေစိုက် စစ်ဆင်ရေး ကွပ်ကဲရေးမှူးဌာနချုပ်မှ စစ်အင်အား ၃၀၀ ကျော်ကို မတ်လ ၂၁ ရက်နေ့က စေလွှတ်လိုက်ကြောင်း အမည်အဖော်လိုသူ ဘူးသီးတောင် စကခ မှ စစ်မှုထမ်းတစ်ဦး က ပြောသည်။ (Narinjara 210311) Read More...
- မတ်လ ၁၃ ရက်နေ့မှ ၂၀ ရက်နေ့အထိ သျှမ်းပြည်တပ်မတော် SSPP/SSA နှင့်နအဖတပ်မတော်အကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲကို စီမံညွှန်ကြားသူသည် ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် စစ်ဆင်ရေးအထူးအဖွဲ့မှူး ကစထ ၂ ဗိုလ်ချုပ် အောင်သန်းထွဋ်တို့ဖြစ်ကြောင်း ရပခတိုင်းရုံးနှင့် နီးစပ်သူများက ပြောသည်။ (S.H.A.N 210311) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA ဌာနချုပ်ဝမ့်ဟိုင်း အရှေ့တောင်ဘက်ရှိ မိုင်းရှူးမြို့ထဲ၌ နအဖစစ်သား၊ ယာဉ်တန်းနှင့် ဝန်တင်လား၊ မြင်းအမြောက်အများ တွေ့ရသဖြင့် မြို့ခံလူထုများ စိုးရိမ်ထိတ်လန့်နေသည်ဟု မိုင်းရှူးဒေသခံတစ်ဦးက ပြောသည်။ S.H.A.N 220311 Read More ...

- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်အတွင်း လှုပ်ရှားနေသည့် နအဖ တပ်များသည် ၎င်းတို့ စစ်တပ်စခန်းရှိရာ သံလွင်မြစ်နံဘေးတလျှောက် ရိက္ခာပို့ရန် ဒေသခံအရပ်သားလူထုကို အဓမ္မခိုင်းသည့်အပြင် အကာအကွယ်အဖြစ် အသုံးပြုနေသည်ဟု ဒေသခံရွာသားများက ပြောသည်။ (KIC 220311) Read More...
- သျှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ်ထဲမှ ရွာပေါင်း ၆ ရွာကို နမ့်စန်ကွန်ဟိန်းကားလမ်းနားသို့ မတ်လ ၃၁ ရက်နေ့နောက်ဆုံးထား၍ အပြီးပြောင်းရွှေ့ပေးရန် နအဖစစ်တပ် ခမရ ၂၄၆ က ညွှတ်ကြားလိုက်ကြောင်း ကွန်ဟိန်းမြို့ခံတစ်ဦးက ပြောသည်။ (DVB 230311) Read More...
- သျှမ်းပြည် (မြောက်ပိုင်း) သံလွင်မြစ်အနောက်ဘက်ကမ်းရှိ မုံးကြက်တိုက်နယ် အခြေစိုက် နအဖတပ်စခန်း တစ်ခုကို သျှမ်းပြည်တပ်မတော် (SSPP/SSA) တပ်စခန်းဟုဆိုကာ အခြားနအဖ တပ်ဖွဲ့တစ်ဖွဲ့က မတ်လ ၂၃ ရက် ည ၁၂ နာရီခန့်တွင် ဝင်ရောက်ပစ်ခတ်ပြီး သျှမ်းတပ်စခန်းအား တိုက်ခိုက်ခဲ့သည်ဟု အထက်သို့ အစီရင်ခံကြောင်း သျှမ်းတပ်အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 240311) Read More ...
- ကရင်ပြည်နယ် မြဝတီခရိုင်၊ ဝေါ်လေဒေသတွင် လှုပ်ရှားနေသည့် နအဖစစ်တပ်များနှင့် ဒေသခံအာဏာပိုင်များသည် ထိုဒေသရှိ ပြည်သူများကို ခေါ်တွေ့စည်းရုံးမှုများ လုပ်ဆောင်လျှက်ရှိသည်ဟု ဒေသခံများက ပြောသည်။ (KIC 250311) Read More...
- ချင်းပြည်နယ်ဖလမ်းမြို့နယ် မယက ဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာခေါင်းဆောင်များ၊ ဒေသခေါင်းဆောင်များ စုစုပေါင်း အင်အား ၁၀၀ ခန့်သည် မတ်လ ၂၂ ရက်နေ့က ဖလမ်းမြို့တော် ခန်းမအစည်းအဝေးတွင် စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီးဆွေးနွေးရာ စစ်မှုထမ်းနိုင်မည့် အသက် ၁၈ နှစ်ပြည့်သူ စာရင်းကို ကောက်ယူပြီး မယကရုံးသို့ ဧပြီလ ၁၀ ရက်တွင် စာရင်းပေးပို့ကြရန်နှင့် စစ်သင်တန်းတက်ရန်အတွက် အဆင်သင့်ပြင်ထားကြရန်၊ တစုံတခု ချွတ်ယွင်းပါက တာဝန်ရှိသူများကို အရေးယူသွားမည်ဟု  မယက ဥက္ကဋ္ဌ က ပြောကြားခဲ့သည်ဟု အစည်းအဝေးတက်ရောက်သူတစ်ဦးက ပြောသည်။ (Khonumthung 260311) Read More...

## ပြည်သူ့စစ် (သို့) နယ်ခြားစောင့်တပ်အသွင်ပြောင်းခဲ့သည့်အဖွဲ့များ

- ပြည်သူ့စစ်အသွင်ပြောင်းသွားသော စိန်ကျော့ဌာနေပြည်သူ့စစ်ခေါင်းဆောင် ဦးလွယ်မောဝ်းအား သျှမ်းပြည်တပ်မ တော် SSPP/SSA နှင့် တိုက်ခိုက်နေသည့် နအဖတပ်များနှင့်သွားရောက်အားဖြည့်ပေးရန် ရမခတိုင်းရုံးက အကြိမ်ကြိမ် ခေါ်ယူပြောဆိုခဲ့သော်လည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပြန်လည်တိုက်ခိုက်မည်မဟုတ်ကြောင်း ဦးစိန်ကျောက်က ပြောဆိုခဲ့ကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောသည်။ (S.H.A.N 240311) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- မြန်မာနိုင်ငံမှာ အကျဉ်းကျခံနေရဆဲဖြစ်သည့် နိုင်ငံရေးအကျဉ်းသား ၂ ထောင်ကျော်ကို မေ့မထားကြရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က Amnesty Internationl ခေါ် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တွင် ပါဝင်လှုပ်ရှားသူများကို တယ်လီဖုန်းမှတဆင့် တိုက်တွန်း ပြောကြားလိုက်သည်။ (RFA 200311) Read More...
- တောင်သူလယ်သမားများကို ကူညီနိုင်ရေးအတွက် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အကြံပြုချက်အရ ရောဝတီတိုင်းတွင် လယ်သမားကွန်ယက်တစ်ခုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဖွဲ့စည်းလိုက်ကြောင်း မတ်လ ၂၂ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (Mizzima 220311) Read More...
- ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) ရှိ ဆင်းရဲနွမ်းပါးသူများကို အခမဲ့ ဆေးကုပေးရန်အတွက် ကုသိုလ်ဖြစ် ဆေးကုခန်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က မတ်လ ၂၁ ရက်နေ့တွင် ဖွင့်လှစ်လိုက်ကြောင်း ဒဂုံမြို့နယ် NLD တွဲဘက်အတွင်းရေးမှူး ကိုညီညီက ပြောသည်။ (Mizzima 220311) Read More...
- နိုင်ငံတကာ အစိုးရများမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ရုပ်သိမ်းပေးရန် စစ်အစိုးရမှ လိုလားပါက ပြည်သူများအပေါ် စစ်အစိုးရ၏ ချမှတ်ထားသော ပိတ်ဆို့မှုများကို ဦးစွာရုပ်သိမ်းပေးရန်လိုအပ်သည်ဟု

သံဃာ့တပ်ပေါင်းစု၊ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်တို့က ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်သည်။ (RFA 230311) Read More..., Mizzima...

- မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများမှ စီးပွားရေးအရ ပိတ်ဆို့ထားခြင်းသည် စစ်အစိုးရ၏ တိုးတက်မှု အပြောင်းအလဲ တစုံတရာ မရှိသေးသည့်အတွက် ဆက်လက်ထားရှိရန် လိုအပ်နေဆဲဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ဂျာမန်သတင်းစာ Franfurter Rundschau နှင့် မတ်လ ၂၃ ရက်နေ့ မေမြန်းခန်းတခုတွင် ပြောကြားလိုက်သည်။ (RFA 230311) Read More...
- မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ တောင်ပုံတောင်ကျေးရွာမှ အသက်အရွယ်ကြီးသူများအား ဆေးဝါးနှင့်ငွေကြေး လှူဒါန်းခဲ့ကြမှုကို ဒေသခံအာဏာပိုင်များက တားဆီးနှောင့်ယှက်ကြောင်း NLD အဖွဲ့ဝင် ကိုအေးခိုင်က ပြောသည်။ (RFA 230311) Read More...
- တပ်မတော်အနေဖြင့် စစ်သည်တော် ကျင့်ဝတ်ထဲမှအတိုင်း ပြည်သူလူထုကို ဆက်ဆံသည့်နေရာတွင် ရေလိုလလိုကျင့်ကြံရန်နှင့် စစ်သည်ဆိုးမရှိ အရာရှိဆိုးသာရှိသည့်အတွက် လက်ရှိဆိုးရွားနေသော ကိစ္စများသည် စစ်တပ်ထိပ်ပိုင်းမှ မေတ္တာစိတ်နှင့် ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်ဟု ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးက လွတ်လပ်အတွေးဆွေးနွေးဖလှယ်အစီအစဉ်တွင် ပြောကြားလိုက်သည်။ (BBC 230311) Read More...
- စီးပွားရေးပညာရှင် ဦးမျိုးမြင့်မှ အဓိကဟောပြောသည့် အဂတိလိုက်စားမှုအကြောင်း ဆွေးနွေးဟောပြောပွဲတရပ်ကို မတ်လ ၂၄ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်ရုံးတွင် ကျင်းပခဲ့ရာ ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့်ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်တို့ ပါဝင်ဆွေးနွေးခဲ့သည်ဟု NLD လူငယ်အဖွဲ့ဝင် ကိုဝင်းက ပြောသည်။ (RFA 240311) Read More...
- ရခိုင်ပြည်နယ်အတွင်းမှ ဂီရိလေမုန်တိုင်းဒဏ် အဆိုးဆုံးခံခဲ့ရသော မြေပုံမြို့နယ် ကျေးရွာအများစုတွင် သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသောကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) အတွင်းရေးမှူးလည်းဖြစ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည့် ဦးအေးသာအောင်က ရေတွင်း၊ ရေကန်များတူးပေးခြင်း၊ စားသောက်စရာအချို့လှူဒါန်းခြင်း၊ ငွေလှူခြင်းတို့ ဆောင်ရွက်နေသည်။ (Irrawaddy 240311) Read More...
- ဒေါ်အောင်ဆန်းစုကြည် အကြံပြုခဲ့သည့်အတိုင်း ပညာရေးကွန်ယက် အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ပဲခူးတိုင်းအရှေ့ခြမ်း ရေတာရှည်မြို့နယ် ရေနီမြို့တွင် မြို့နယ် NLD အဖွဲ့မှ စီစဉ်ပေးသည့် စေတနာ့ဝန်ထမ်းသင်ကြားသော အင်္ဂလိပ်စာ အခြေခံသင်တန်းကို မတ်လ ၂၅ ရက်နေ့တွင် စတင်ခဲ့ရာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ အစည်းများက ဟန့်တားနှောက်ယှက်ခဲ့ကြောင်း NLD ရေတာရှည်မြို့နယ် စည်းအဖွဲ့ဝင် ဦးသန်းအောင်က ပြောသည်။ (RFA 250311) Read More...
- ဂျပန်နိုင်ငံတွင် မတ်လ ၁၁ ရက်နေ့က ဖြစ်ပွားခဲ့သည့် မြေငလျင်နှင့် ဆူနာမီရေလှိုင်းနောက်ဆက်တွဲ အနုမြူစာတ်အားပေးစက်ရုံပေါက်ကွဲမှု အန္တရာယ်များသည် ကြီးမားလှသော်လည်း ဂျပန်နိုင်ငံသားများ၏ တုန့်ပြန်ရင်ဆိုင်နိုင်သည့် စွမ်းပကားက ပိုမိုကြီးမားလှကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုပြောကြားလိုက်သည်။ (RFA 260311) Read More...
- လစ်ဗျားအာဏာရှင် ဗိုလ်မှူးကြီးဂဒါဖီ၏ ဩဇာခံစစ်တပ်များ၏ ရက်ရက်စက်စက် ချေမှုန်းမှုဒဏ်ကို ခံနေရသည့် လစ်ဗျားပြည်သူများကို ကယ်တင်ရန် နိုင်ငံတကာတပ်ဖွဲ့များ စစ်ရေးအရဝင်ရောက်နိုင်ရေးအတွက် လွန်ခဲ့သည့် မတ်လ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်အမှတ် ၁၉၇၃ ကို ချမှတ်ခဲ့ခြင်းသည် သင့်တော်သည့်လုပ်ရပ်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (RFA 260311) Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP ၏ ၂၀၁၀ နှစ်ချုပ် စုံညီအစည်းအဝေးကို သျှမ်းပြည်မြောက်ပိုင်း ပန်ဆန်းမြို့တွင် ၅ ရက်ကြာကျင်းပခဲ့ရာ ပါတီ ဌာနခွဲ ၂၇ ဌာနမှ ၂၀၁၀ ခုနှစ်တစ်နှစ်လုံးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊

လယ်ယာကဏ္ဍအစရှိသည့် ဘက်ပေါင်းစုံအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကာ စစ်ရေးကိစ္စကို ထည့်သွင်းဆွေးနွေးခြင်း မရှိကြောင်း UWSP နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (BBC 200311) Read More...

- နအဖစစ်အာဏာရှင်စနစ်ကို လက်နက်ချင်းယှဉ်တိုက်နိုင်မှသာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့်စစ်မှန်သော ပြည်ထောင်စုစနစ်တည်ဆောက်နိုင်မည်ဟု ချင်းအမျိုးသားတပ်ဦး (CNF) က ပြောဆိုလိုက်သည်။ (Khonumthung 200311) Read More...
- ဝပြည် သွေးစည်းညီညွတ်ရေးအဖွဲ့ အနေဖြင့် ဝပြည်ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေစဉ် စစ်အစိုးရကို သေနတ်တစ်လက်၊ ကျည်တစ်တောင့်၊ မြေတစ်လက်မမှ မပေးအပ်နိုင်ကြောင်း မတ်လ ၂၀ ရက်နေ့က ပြီးဆုံးသွားသည့် UWSP နှစ်ချုပ်အစည်းအဝေးတွင် ဥက္ကဋ္ဌ ပေါက်ယူချမ်းက ပြောဆိုသွားကြောင်း ဝ အရာရှိတစ်ဦးက ပြောသည်။ (RFA/ 210311) Read More..., Mizzima..., S.H.A.N...
- ကရင်ပြည်နယ်၊ ဝေါလေဒေသအတွင်းရှိ ကနဲလေးတပ်စခန်း အနီးအနားတွင် ဝင်ထွက်သွားလာနေသည့် နအဖ တပ်ဖွဲ့များကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA က မတ်လ ၂၁ ရက်နေ့နံနက်ပိုင်း၌ နှစ်ကြိမ်တိုင် အလစ်ဝင်တိုက်ခိုက်ခဲ့ရာ နအဖ တပ်ဘက်မှ ၇ ဦးသေဆုံး၍ ၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း KNLA တပ်ရင်း (၂၀၁)မှ ဒုရင်းမှူး ဗိုလ်မှူးစောကြည်အောင်က ပြောသည်။ (KIC 210311) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA နှင့် နအဖတပ်အကြားဖြစ်ပွားခဲ့သောတိုက်ပွဲ ၈ ရက်မြောက်နေ့ မတ်လ ၁၉ ရက်နေ့နေတွင် SSA တန့်ယန်းမြို့နယ် အုပ်ချုပ်ရေးစာရေးစိုင်းမွန် နှင့် ၁၄ ဦးတို့သည် လက်နက်ကိုယ်စီဖြင့် နအဖထံ လက်နက်ချခဲ့ကြောင်း တန့်ယန်းဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 210311) Read More...
- မတ်လ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အခြေစိုက်မည့် သျှမ်းပြည်အလယ်ပိုင်း နိုလမ်မြို့နယ်ခွဲသစ် တဝိုက်တွင် အရှေ့အလယ်ပိုင်းတိုင်းလုံခြုံရေးတပ်များဖြစ်သော ကွန်ဟိန်းအခြေစိုက် ခလရ ၂၄၆၊ ခမရ ၅၂၄ နှင့် သျှမ်းပြည်တပ်မတော် (တောင်ပိုင်း) တို့ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ တပ်သားအများအပြားကျဆုံး၍ အရာခံဗိုလ်နှင့်တပ်မှူးအချို့လည်း ကျဆုံးခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 210311) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA နှင့်နအဖစစ်တပ်အကြားတိုက်ပွဲဖြစ်ပွားနေမှုကို ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA အနေဖြင့် စစ်ရေးအရအကူအညီပေးရန်ခက်ခဲကြောင်း၊ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းရန်လိုကြောင်း UWSA အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 210311) Read More...
- လက်ရှိဖြစ်ပျက်နေသည့် ပြည်တွင်းစစ်များ ရပ်စဲပြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ် အခြေခံဥပဒေဆောင်ထဲမှတဆင့် လုပ်ဆောင်သွားရမည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးရွှေမန်းက ပြောဆိုမှုအပေါ် စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်နိုင်သော အခြေခံဥပဒေကြောင့် အယုံအကြည်မရှိဟု ကရင်အမျိုးသားအစည်းအရုံး (KNU) က တုံ့ပြန်ပြောဆိုလိုက်သည်။ (VOA 210311) Read More...
- စစ်ကိုင်းတိုင်း အထက်ပိုင်း နာဂတောင်တန်းမှာ နာဂလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့အကြား တိုက်ပွဲများဖြစ်ပွားနေသည့်အတွက် ဒေသခံရွာသားများထွက်ပြေးကြရပြီး ရွာပြင် တောင်ယာတဲများတွင် ခိုလှုံနေထိုင်နေကြရကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (RFA 230311) Read More...
- သျှမ်းပြည်တိုးတက်ရေးပါတီ သျှမ်းပြည်တပ်မတော် SSPP/SSA အား နအဖ ထိုးစစ်ဆင် တိုက်ခိုက်မှု မိုင်းတိုက်ဝါဒဖြန့်မှု၊ လိမ်ညာသတင်းလွှင့်မှုများနှင့်ပါတ်သက်၍ “ရန်သူ၏ စည်းရုံးသိမ်းသွင်းမှုကို မယုံကြရန်” ပြည်သူလူထုနှင့် တပ်သားဆုအား သျှမ်းပြည်တပ်မတော် SSPP/SSA အရာရှိဟောင်းတစ်ဦးက ပြောသည်။ (S.H.A.N 230311) Read More...
- ရှမ်းပြည်မြောက်ပိုင်း ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) တပ်မဟာ (၄) ထိန်းချုပ်နယ်မြေထဲတွင် မြန်မာစစ်တပ်လှုပ်ရှားမှုရပ်ရန် KIA သတိပေးခဲ့ပြီး ဝင်ထွက်သွားလာပါက ခုခံပစ်ခတ်မည်ဖြစ်ကြောင်း KIA အရာရှိများက ပြောသည်။ (KNG 230311) Read More...
- မြန်မာနိုင်ငံအနောက်ဖက် အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသတွင် လှုပ်ရှားနေသည့် ရခိုင်တိုင်းရင်းသား လက်နက်ကိုင်တစ်စုက ခရစ်ယာန်မွှေဆရာဦးအောင်လောအား ၂၀၁၁ ခုနှစ်ဖေဖေါ်ဝါရီလဒုတိယပတ်က ပြန်ပေးဆွဲပြီး ကျပ်ငွေသိန်း ၄၀ ဖြင့် ပြန်ရွေးခိုင်းခဲ့သည်ဟုဒေသခံတစ်ဦးက ပြောသည်။ (Khonumthung 240311) Read More...
- အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်ပေါင်းစု သျှမ်းပြည်အရှေ့ပိုင်း NDAA-ESS မိုင်းလားတပ် လက်အောက်ခံတပ်စခန်းအချို့ ရုပ်သိမ်းပေးရန် မတ်လ ၂၂ ရက်နေ့က တြိဂံစစ်တိုင်း ဦးစီးအရာရှိမှ ထပ်မံသတိပေးလိုက်သည်။ (S.H.A.N 230311) Read More...

- ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေ တပ်မဟာ(၇) မော်ဖိုးကလိုးရှိ KNLA လှုပ်ရှားတပ်ဖွဲ့သည် နအဖနှင့် နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့ကို မတ်လ ၂၅ ရက်နေ့က ပြောက်ကျားတိုက်စစ် ဖြင့် လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် ၉ ဦး ထိခိုက်သေဆုံးခဲ့သည်ဟု KNU တပ်မဟာ (၇)မှူး ဗိုလ်မှူးချုပ် စောဂျော်နီက အတည်ပြုပြောဆိုလိုက်သည်။ (KIC 260311) Read More...
- ဝ ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့မှ နေပြည်တော်သို့ပေးပို့သည့် စာတမ်းတစ်စောင်ကို စစ်အစိုးရအရာရှိတစ်ဦးက လူကြီးများစိတ်ဆိုးမည်စိုးရိမ်သည်ဟုဆိုကာ နေပြည်တော်သို့ ယူဆောင်သွားရန် ငြင်းဆိုခဲ့ကြောင်း ပန်ဆန်းမြို့ရှိ UWSA အရာရှိ တစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။ (RFA 260311) Read More...

## ပြည်ပအင်အားစုများ

- လူမှုနယ်ပယ်များ၌ ဩဇာညောင်းသည့် နိုင်ငံရေးအကျဉ်းသားများကို ထိန်းသိမ်းမည့်အစား တွေ့ဆုံဆွေးနွေးပါက ပြည်သူကို စည်းရုံးနိုင်မည့်အပြင် တိုင်းပြည်ပြဿနာများကိုပါ ဖြေရှင်းနိုင်မည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP-B က ပြောသည်။ (Mizzima 230311) Read More..., RFA...
- ၂၀၁၁–၂၀၁၂ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ ကျန်းမာရေး အသုံးစရိတ် လျာထားချက်သည် ပတ်ဝန်းကျင် နိုင်ငံများနှင့် ယှဉ်လျှင် အနည်းဆုံးဖြစ်နေကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရ NCGUB မှ ကုလသမဂ္ဂရေးရာ တာဝန်ခံ ဒေါက်တာသောင်းထွန်းက ဝေဖန်ပြောဆိုလိုက်သည်။ (VOA 230311) Read More...

## နိုင်ငံရေးပါတီများ

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်သူ့လွှတ်တော်တွင် အဆိုပြုချက်ပေါင်း ၁၇ ခုအနက် ဥပဒေမူကြမ်းဖြစ်ရေး ဆက်လက်၍ ဆွေးနွေးရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP တင်သွင်းခဲ့သည့် အဆို ၂ ခုကိုသာ အတည်ပြုပေးခဲ့ကြောင်း လွှတ်တော်အစည်းအဝေးတက်ရောက် နေသည့် လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။ (Mizzima 230311) Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဟောင်း ဦးဌေးဦးက မတ်လ ၂၄ ရက်နေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကို လွှတ်တော်မှ ကန့်ကွက်ရန်အဆိုကို စတင်တင်သွင်းမည်ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က ပြောသည်။ (DVB 230311) Read More...

## အခြားပါတီများ

- ၂၀၁၀ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆွယ်အသုံးစရိတ်များအား အချိန်မီ မတင်သွင်းဟုဆိုကာ ကော်မရှင်က လက်ရှိလွှတ်တော်သက်တမ်း ရွေးကောက်ပွဲနှင့် နောက်တကြိမ် ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ခွင့် မပြုတော့သူပေါင်းမှာ ၇၅ ဦး ရှိသွားပြီ ဖြစ်သည်။ (Mizzima 210311) Read More...
- ကချင်ပြည်နယ်တွင် မြေယာသိမ်းခံရသည့် တောင်သူများအတွက် တရားစွဲပေးနေသော ဖားကန့်မြို့နေ ဒေါ်ဘောက်ဂျာက ၄င်းကို အာဏာပိုင်များမှ လိုက်လံ နှောင့်ယှက်ခြိမ်းခြောက်နေသည့်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ချုပ်ထံ မတ်လ ၂၁ ရက်နေ့က စာရေးသားတိုင်ကြားလိုက်သည်။ (DVB 240311) Read More...
- နေပြည်တော်၌ ကျင်းပနေသည့် လွှတ်တော်များတွင် မေးခွန်းမေးခြင်းသည် နအဖစစ်အစိုးရကို အရောင် တင်ပေးသကဲ့သို့ ဖြစ်နေသည်ဟု လွှတ်တော်အမတ်အချို့က ပြောဆိုဝေဖန်နေကြသည်။ (Mizzima 240311) Read More...
- နိုင်ငံတော် အုပ်ချုပ်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ပြည်သူများက ၄င်းတို့ဆန္ဒအလျောက် ကြိုက်နှစ်သက်သူကို ကိုယ်တိုင်မဲပေး ရွေးချယ်စေလိုသည်ဟု မွန်ဒေသလုံး

ဆိုင်ရာ ဒီမိုကရေစီပါတီမှ ပြည်နယ်လွှတ်တော်အမတ် ဒေါက်တာမင်းနွယ်စိုးက ပြောကြားလိုက်သည်။ (IMNA 240311) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- FaceBook လူမှုကွန်ယက်က တဆင့် Just Do It ဆိုသည့် အာဏာရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုကို စတင်ခဲ့သည့် တလတာကာလအတွင်း အဖွဲ့ဝင် နှစ်ထောင်နီးပါး ရှိသွားပြီဖြစ်ကြောင်း ကွန်ယက်အဖွဲ့ဝင်များက ပြောသည်။ (RFA 200311) Read More...
- ရောဝတီမြစ်ဆုံ ရေကာတာ စီမံကိန်းဧရိယာအတွင်းမှ ရွာသစ်များသို့ ပြောင်းရွှေ့ခံရသည့် ကချင်ပြည်သူများကျေနပ်ဝမ်းသာနေကြသည်ဟု နအဖ အစိုးရဝန်ကြီးက အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြောဆိုသည်မှာ လက်တွေ့နှင့် မကိုက်ညီကြောင်း ဒေသခံများက ပြောသည်။ (KNG 220311) Read More...
- ရခိုင်ပြည်နယ် မြို့တော် စစ်တွေတွင် မတ်လ ၂၂ ရက်နေ့က ၂၁ ရာစုပင်လုံသို့ ဆိုသည့် ငြိမ်းချမ်းရေးပိုစတာများနေရာအနှံ့အပြား ၌ လိုက်ကပ်သည့်လှုပ်ရှားမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ မည်သူမည်ဝါလိုက်လံကပ်ထားသည်ကို မသိရကြောင်း ဒေသခံများက ပြောသည်။ (Narinjara 220311) Read More...
- မြန်မာ အစိုးရအနေဖြင့် အလုပ်သမားများအား ခေတ်ကာလနှင့် လျော်ညီသော အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ပေးရန် မြန်မာနိုင်ငံ အလုပ်သမား၊ လယ်သမား သွေးစည်း ညီညွတ်ရေး အဖွဲ့ချုပ် (WFSLB) က မတ်လ ၂၅ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ (Irrawaddy 250311) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာစစ်အစိုးရသစ်အနေဖြင့် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ပေးရန် တောင်းဆိုမှုနှင့် ပတ်သက်ပြီး မတ်လ ၂၅ ရက်နေ့တွင် ဆွေးနွေးအတည်ပြုမည့် မူကြမ်းမတိုင်မီ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများကို အမြန်ဆုံး ပြန်လွှတ်ပေးရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် တောမတ်စ်အိုဟေး ကင်တားနားက ထပ်မံတောင်းဆိုလိုက်သည်။ (VOA 240311) Read More...
- မတ်လ ၂၅ ရက်နေ့ လူ့အခွင့်အရေးကောင်စီအစည်းအဝေးမှ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတွင် သောမတ်အိုဟေး ကင်တားနားကို မြန်မာဆိုင်ရာ ကုလသမဂ္ဂ၏ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်အဖြစ် နောက်ထပ်တနှစ် သက်တမ်းတိုးခန့်အပ်လိုက်ပြီး အချိန်မီ စစ်ဆေးတင်သွင်းနိုင်ရန်အတွက် စစ်အစိုးရဘက်မှ တုံ့ပြန်ဆောင်ရွက်ပေးရန်ကိုလည်း ပြင်းပြင်း ထန်ထန် တိုက်တွန်းလိုက်သည်။ (VOA 250311) Read More...
- မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ တိုးတက်ရန် ဥရောပသမဂ္ဂမှ အဓိကတင်သွင်းပြင်ဆင်ထားသော ဆုံးဖြတ်ချက်မူကြမ်းတွင် ၂၀၁၀ ရွေးကောက်ပွဲကို ပြင်းထန်စွာ ဝေဖန်လိုက်ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ပြင်ဆင်ရန် တိုက်တွန်းချက်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် မဲမခွဲဘဲ ဆုံးဖြတ်အတည်ပြုလိုက်သည်။ (VOA 250311) Read More...

### (ခ) အစိုးရများ

- ဥရောပ အခြေစိုက် မြန်မာ့ ဒီမိုကရေစီအရေး လှုပ်ရှားသူများကို မတ်လ ၂၁ ရက်နေ့တွင် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိကြီးများဖြစ်ကြသည့် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ ဌာန ဒုတိယ ဌာနကြီးမှူး Theo Kidess၊ လူ့အခွင့်အရေး ဌာန တာဝန်ခံ အရာရှိ Dirk Sander တို့မှ တနာရီခွဲကြာ လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့ရာ မြန်မာ့အရေး လှုပ်ရှားသူများမှ ၂၀၀၇ ခုနှစ် တွင် ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ရေးကိစ္စ၊ ဒုတိယပင်လုံ

ညီလာခံကို အသိအမှတ် ပြုထောက်ခံပေးရေးကိစ္စနှင့် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို ဆက်လက်ထားရှိရန် ဆွေးနွေးခဲ့ကြသည်။ (RFA 220311) Read More...

- ထိုင်းနှင့် လာအိုးနယ်ချင်းစပ် မြန်မာနိုင်ငံဖက်ခြမ်း တာလီနှင့်တာချီလိတ်မြို့များတွင် လှုပ်ခတ်သွားသည့် ငလျင် ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာ အသက်ဆုံးရှုံးမှုများအတွက် အမေရိကန်သမ္မတ ဘရက် အိုဘားမားနှင့် အမေရိကန် ပြည်သူများကိုယ်စား ဝမ်းနည်းကြေကွဲကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က မတ်လ ၂၅ ရက်နေ့ တွင်ထုတ်ပြန်ကြေညာခဲ့သည်။ (VOA 260311) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရပ်တန်းအောင် လုပ်ပေးရန်နှင့် ချိုးဖောက်ခဲ့သူများကို အရေးယူပေးရန် မတ်လ ၂၃ ရက်နေ့က မြန်မာတပ်မတော် စစ်ဉပဒေချုပ် ဗိုလ်ချုပ် ရာပြည်ထံသို့ နယူးယောက်ခ်မြို့ အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ Human Rights Watch က စာရေးသားတောင်းဆိုလိုက်သည်။ (VOA 240311) Read More...

---

*End of report/ Saturday, March 26, 2011*
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
*Documentation and Research Department (NDD)*

---